The Employment and Training Act, 1950
(Act No XXXVII of 1950)

# ၁၉၅၀ ခုနှစ်၊ အလုပ်အကိုင်နှင့်သင်ကြားလေ့ကျင့်ရေး အက်ဥပဒေ။

[၁၉၅၀ ခုနှစ်၊အက်ဥပဒေ အမှတ် ၃၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁။

## အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းဆောင်တာများ။

၁။ ။ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ထုတ်ပြန်သတ်မှတ်သည့်နေ့၌အာဏာတည်ရမည်။

၂။ ။ဤအက်ဥပဒေတွင်ရှေ့နောက်စကားတို့၏အဓိပ္ပါယ်ကိုထောက်ထားရန်မလိုလျှင်—

(က) "ကျောင်းအုပ်ချုပ်သူ" ဆိုသည်မှာ၊ ကျောင်းကိုစီမံအုပ်ချုပ်ရန်တာဝန်ရှိသည့်ပုဂ္ဂိုလ်ကို၊ သို့တည်းမဟုတ်အဖွဲ့ကိုဆိုလိုသည်။

(ခ) "စက်မှု လက်မှုလုပ်ငန်း" ဆိုသည်မှာ၊ အလုပ်ရုံအမျိုးအစားတခုကို၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ လုပ်ငန်းအမျိုးအစားတခုကို၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ အလုပ်ရုံခွဲ၊ လုပ်ငန်းခွဲ၊ အလုပ်ရုံဌာနခွဲ၊ လုပ်ငန်းဌာနခွဲတခုခု၏ အမျိုးအစားတခုကို၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ စက်မှုလက်မှုလုပ်ငန်းဖြစ်သည်ဟုအလုပ်သမားဌာနဝန်ကြီးက ပြဋ္ဌာန်း၍၊ မည်သည့်အရပ်ဒေသ၌မဆို တည်ရှိသော အဆိုပါ အလုပ်ရုံလုပ်ငန်း၊ အလုပ်ရုံခွဲ၊ လုပ်ငန်းခွဲ၊ အလုပ်ရုံဌာနခွဲ၊ လုပ်ငန်းဌာနခွဲ တခုခု၏အမျိုးအစားတခုကို၊ သို့တည်းမဟုတ်အများကိုဖြစ်စေဆိုလိုသည်။

၃။ ။(၁) ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မိမိတို့၏အသက်အရွယ် စွမ်းအားနှင့် သင့်လျော်သည့်အလုပ်အကိုင်ရွေးချယ်ရေး၊ မိမိတို့ကိုယ်ကို ထိုအလုပ်အကိုင်နှင့်သင့်လျော်အောင် ပြုရေး၊ ထိုအလုပ်အကိုင်ရရှိရေးနှင့် ရရှိပြီးတည်မြဲရေးတို့တွင် အလုပ်အကိုင်လုပ်လိုသူများအား၊ ကူညီရန်ကိစ္စအတွက်၎င်း၊ သင့်လျော်သော အလုပ်သမားများရရှိအောင် အလုပ်ရှင်များအား ကူညီရန်ကိစ္စအတွက်၎င်း၊ သက်ဆိုင်ရာလူစု၏ လိုအပ်ချက်များနှင့်အညီ၊ အလုပ်အကိုင် အခြေအနေကိုယေဘုယျအားဖြင့် တိုးတက်ကောင်းမွန်စေရန် ကိစ္စအတွက်၎င်း၊ ဝန်ကြီးသည်၊ မိမိက

Price,—One anna.]

လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း လွှဲအပ်ကျမှု အခွင့်အလမ်းများနှင့် လုပ်ငန်းဆောင်တာများကို စီမံထား၍ရမည်။

(၂) ဝန်ကြီးသည်၊ ဤအက်ဥပဒေအရ၊ မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာ၌၊ မိမိအား အကြံဉာဏ်နှင့် အကူအညီပေးရန် အလို့ငှါ မိမိ သင့်လျော်သည် ထင်မြင်သည့် အကြံပေး ကော်မီတီများကို ခန့်ထားနိုင်သည်။ ထိုကော်မီတီများ အနက် မည်သည့် ကော်မီတီကိုမဆို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝန်းလုံး အတွက် ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဒေသ တခုခု အတွက်ဖြစ်စေ ခန့်ထားနိုင်သည်။

(၃) ဝန်ကြီးသည်၊ အဆိုပါ အကြံပေး ကော်မီတီ ဖွဲ့စည်းအုပ်ချုပ်ပုံ နှင့်စပ်လျဉ်း၍၎င်း၊ ထိုကော်မီတီ၏ အလုပ်ဝတ္တရားများနှင့်စပ်လျဉ်း၍၎င်း စည်းမျဉ်း ဥပဒေများပြုနိုင်သည်။

၄။ ။(၁) ဝန်ကြီးသည်၊ မိမိသင့်လျော်သည် ထင်မြင်သည့်နေရာများ တွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာနများ တည်ထောင် ထားရှိနိုင်သည်။ ထိုဌာနများသည် အလုပ်သမားငှါးလိုသူများ၊ အလုပ်အကိုင် ရှာဖွေသူများနှင့် စပ်လျဉ်း၍ မှတ်ပုံ စာအုပ်များ ထားရှိခြင်းဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ အကြောင်းအရာ စုဆောင်းထုတ်ဝေးရာရုံးများ၊ သို့တည်းမဟုတ် နေရာများဖြစ်သည်။

(၂) ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ၊ ပုဒ်မ ၃ တွင် ဖေါ်ပြထားသည့် ကိစ္စတရပ်ရပ် အတွက် အကြောင်း အရာ စုဆောင်းခြင်း ထုတ်ဝေး ခြင်းကိုပြုရန်၎င်း၊ (အလုပ် အကိုင် လက်ရှိဖြစ်စေ၊ လက်မဲ့ဖြစ်စေ) မည်သည့်လူ အမျိုး အစားအတွက်မဆို အကြံဉာဏ်ပေးခြင်းကို၊ သို့တည်းမဟုတ် လမ်းညွှန်ခြင်းကို၊ သို့တည်း မဟုတ် အခြားနည်း ဆောင်ရွက်ပေးခြင်းကို ပြုရန်၎င်း၊ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးဌာနများ ဖွင့်လှစ်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဝန်ကြီးသည်၊ မိမိက လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်လျော်သည် ထင်မြင်သည့် အစီအစဉ်များ ပြုနိုင်သည်။

(၃) ဝန်ကြီးသည်၊ ဤပုဒ်မတွင် ပြဋ္ဌာန်းထားသည့် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေး ဌာနများကို စီမံအုပ်ချုပ်ခြင်းနှင့် စပ်လျဉ်း၍၎င်း၊ ဤပုဒ်မအရ မိမိက ဆောင်ရွက်ရမည့် အလုပ်ဝတ္တရားများနှင့် စပ်လျဉ်း၍၎င်း၊ စည်းမျဉ်းဥပဒေများ ပြုနိုင်သည်။

(၄) မိမိလုပ်ကိုင်သည့်အလုပ်မျိုးနှင့်သက်ဆိုင်သည့် ဝါဏိဇ္ဇ ပဋိပက္ခ မှုဖြစ်ပွါးနေသည်ဟူသော အကြောင်းပြချက်ဖြင့်သော်၎င်း၊ မိမိအတွက် ရှာဖွေပေးသည့် အလုပ်အကိုင်မှ မိမိရရှိမည့် အခကြေးငွေသည် ထိုအလုပ်အကိုင်ရှိရာ ခရိုင်အတွင်း၊ ထို အလုပ်မျိုးတွင် အခြားသူများရရှိနေသော အခ ကြေးငွေအောက် ယုတ်လျော့သည် ဟူသောအကြောင်းပြချက်ဖြင့်သော်၎င်း၊ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာန တခုခုက ရှာဖွေပေးသည့်အလုပ်အကိုင်ကို လက်မခံဘဲငြင်းပယ်လျှင်၊ ထိုသူအား ထိုသို့ ငြင်းပယ်ကာမျှဖြင့် အထက်ဆိုခဲ့သည့်အတိုင်း၊ အဆိုပါဌာနက ပေးသည့် လွှဲအပ်ကျမှု အခွင့် အလမ်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့် မဆုံးရှုံးစေရ၊ သို့တည်းမဟုတ် အခြားနည်း အကျိုးမယုတ်စေရ။

(၅) ဤပုဒ်မ၌ ပြဋ္ဌာန်းထားသည့် လုပ်ငန်းဆောင်တာများ၏ အကျိုး ကျေးဇူးကိုခံစားရန် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးဌာန တခုခုသို့ဖြစ်စေ၊ အခြား တနေရာရာသို့ဖြစ်စေ၊ ခရီးသွားသူများအား၊ သို့တည်းမဟုတ် တက်ရောက်သူ

များအား၊ဝန်ကြီးက၊မိမိသင့်လျော်သည်ထင်မြင်သည့်အချက်များတွင် သင့်လျော်သည် ထင်မြင်သည့်စည်းကမ်းများဖြင့် ငွေထောက်ပံ့နိုင်သည်၊ သို့တည်းမဟုတ် ငွေချေးနိုင်သည်။ ထိုပြင်ဆိုခဲ့သည့်လုပ်ငန်းဆောင်တာများ၏အကျိုးကျေးဇူးကိုခံစားသူများအား စမ်းသပ်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးသည်၊ ဆရာဝန်များအား သတ်မှတ်သည့် အခကိုပေးနိုင်သည်။

သို့ရာတွင်ထိုသို့ငွေထောက်ပံ့ခြင်းကိုဖြစ်စေ၊ ငွေချေးခြင်းကိုဖြစ်စေ၊ ဆရာဝန်များအားသတ်မှတ်သည့် အခပေးခြင်းကိုဖြစ်စေပြုရန်အတွက်၊ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ကိုရယူရမည်။

(၆) မည်သူမဆိုအလုပ်အကိုင်ကို၊သို့တည်းမဟုတ် အလုပ်သမားကိုရရှိရန်အလို့ငှါ၊ ဤပုဒ်မအရ ဝန်ကြီးက ထားရှိသော အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးဌာန ဘခုခု၏ အရာရှိထံဖြစ်စေ၊ အဆိုပါဌာန၏ကိုယ်စားဆောင်ရွက်နေသူ တဦးတယောက်ထံ ဖြစ်စေ၊ အဆိုပါ ဌာနဆိုင်ရာကိစ္စများအတွက် ဆောင်ရွက်နေသူ တဦးတယောက်ထံဖြစ်စေ မမှန်ဟု သိလျက်နှင့် မမှန်သော ဖော်ပြချက်ကိုသော်၎င်း၊ မမှန်သောပြောဆိုချက်ကိုသော်၎င်း ပြုလျှင်၊ ထိုသူသည်အကျဉ်းအားဖြင့် စီရင်ပိုင်ခွင့်ရှိသောပြစ်မှုကျူးလွန်သည်မည်၏။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောအခါ၊ငါးဆယ်ထက် မပိုသောငွေဒဏ်စီရင်ခြင်းခံရမည်။

သို့ရာတွင် ယင်းသို့ပြစ်ဒဏ် စီရင်ခံရခြင်းကြောင့် ဤအက်ဥပဒေအရ စီမံထားရှိသည့်ဌာနကပေးသည့် လွယ်ကူမှုအခွင့်အလမ်းများနှင့် စပ်လျဉ်း၍ သင့်လျော်သော အကျိုးခံစားခွင့်အတွက်၊ ထိုသူမှာအရည်အချင်းပျက်ယွင်းသည်ဟု မယူဆရ။

(၇) အလုပ်ရှင်များက မိမိတို့၏ အလုပ်အကိုင်တွင် လစ်လပ်လျက်ရှိသော၊သို့တည်းမဟုတ် လစ်လပ်မည်ဖြစ်သော နေရာများနှင့် စပ်လျဉ်း၍ အလုပ်အကိုင်နှင့်အလုပ်သမား ရှာဖွေရေးဌာနများသို့ အကြောင်းကြားစေရန်၊ ဝန်ကြီးသည်၊ ဖြစ်နိုင်သမျှသော အစီအစဉ်များကို အလုပ်ရှင်များနှင့် ပြုရမည်။

၅။ ။(၁) အလုပ်လက်ရှိ ဖြစ်စေ၊ အလုပ် လက်မဲ့ ဖြစ်စေ၊ အသက်ဆယ့်နှစ်နှစ်ထက် ကျော်လွန်သူများ အတွက်၊ ဝန်ကြီးသည်၊ ပုဒ်မ ၃ တွင်ဖော်ပြထားသည့် ကိစ္စများအလို့ငှါ မိမိက လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်လျော်သည်ဟု ထင်မြင်သည့် အတိုင်း သင်တန်းများကို ဖွင့်လှစ်နိုင်သည့်ပြင်၊ ထိုကိစ္စများအတွက် အဆောက်အအုံများ၊ အသုံးအဆောင်များနှင့် ဆရာများ လုံလောက်စွာထားရှိနိုင်သည်။

(၂) ဤပုဒ်မတွင် သင်တန်း ဖွင့်လှစ်ခြင်းဟုဆိုရာ၌၊ အောက်ပါကိစ္စများဆောင်ရွက်ခြင်းကိုလည်းဆိုလိုသည်ဟု အဓိပ္ပါယ်ကောက်ယူရမည်။

(က) ဆိုခဲ့သည့် သင်တန်းတခုခု၌ တက်ရောက် နေသူများအား၊အထောက်အပံ့စရိတ်နှင့်၊သို့တည်းမဟုတ် ခရီးစရိတ်နှင့်စပ်လျဉ်း၍ ငွေပေးခြင်း။

(ခ) ယင်းသူများအတွက် နေရာထိုင်ခင်း၊ အစားအသောက်ထားရှိခြင်း၊ကစားပျော်ရွှင်မှုနှင့် အကျိုးရှိမှုအတွက် စီမံဆောင်ရွက်ပေးခြင်း။

(ဂ) သင်တန်းကိစ္စများနှင့် အကြောင်းသင့် ဆက်စပ်နေသော လွယ်ကူမှု အခွင့်အလမ်းများကို၊ သို့တည်း မဟုတ် လုပ်ငန်းဆောင်တာများကိုထားရှိခြင်း။

(၃) ဝန်ကြီးနှင့် ပြုသည့် အစီအစဉ်များအရ၊ အလုပ်ရှင်တဦးက မိမိ၏အလုပ်သမားများကို သင်ကြားလေ့ကျင့်ပေးရန်ထားရှိသည့်အချက်တွင်၊ ဤပုဒ်မ ပါ အထက်က ဖော်ပြခဲ့သော ပြဋ္ဌာန်းချက် များကို မထိခိုက်စေဘဲ၊ ဝန်ကြီးသည်၊ ထိုအလုပ်သမားများအား၊ ဤပုဒ်မအရ မိမိက ထားရှိသော သင်တန်းသို့ တက်ရောက်နေသူများဖြစ်ဘိသကဲ့သို့၊ အလုပ်သမားများသို့ဖြစ်စေ၊ ယင်းအလုပ်သမားများ၏ အကျိုးကျေးဇူးအတွက်ဖြစ်စေ၊ မိမိကပေးနိုင်သောငွေကြေးပေးခြင်းကိုသော်၎င်း၊ မိမိကထားရှိနိုင်သော လွယ်ကူမှုအခွင့်အလမ်းထားရှိခြင်းကို၊ သို့တည်းမဟုတ် လုပ်ငန်းဆောင်တာများထားရှိခြင်းကိုသော်၎င်း ပြုနိုင်သည်။

(၄) ဝန်ကြီးသည်၊ ဤပုဒ်မအရ မိမိကဖွင့်လှစ်ထားသည့် သင်တန်းများကိုကြီးကြပ် စီမံအုပ်ချုပ်ရန် စည်းမျဉ်းဥပဒေများပြုနိုင်သည်။

၆။ ။(၁) စက်မှုလက်မှုလုပ်ငန်းတရပ်ရပ်တွင် ပိုမို၍ မှန်မှန်အလုပ်အကိုင်ပေးနိုင်ရန်ပြုထားသည့် စီမံကိန်းတရပ်ရပ်ကို ဝန်ကြီးက သဘောတူညီချက်ပေးရန် အလို့ငှါ၊ ထိုလုပ်ငန်းဆိုင်ရာ အလုပ်ရှင်များ၏အဖွဲ့နှင့် အလုပ်သမားများ၏အဖွဲ့တို့က တွဲဘက်လျှောက်ထားသဖြင့် ဝန်ကြီးကသဘောတူလျှင်၊ ဝန်ကြီးသည်၊ ထိုစီမံကိန်းအရ ဆောင်ရွက်မှုတွင် ကူညီရန် အစိုးရအရာရှိများကို ဝင်ရောက် ဆောင်ရွက်စေခြင်းဖြင့် သော်၎င်း၊ မိမိသင့်လျော်သည် ထင်မြင်သော အခြား နည်းလမ်းများဖြင့်သော်၎င်း၊ ထိုစီမံကိန်းအရ ဆောင်ရွက်မှု၌အကူအညီပေးနိုင်သည်။

သို့ရာတွင် ထိုသို့အစိုးရအရာရှိများကို ဝင်ရောက်ဆောင်ရွက်စေခြင်းဖြင့်သော်၎င်း၊ အခြားငွေကြေးကုန်ကျရန် နည်းလမ်းများဖြင့် သော်၎င်း၊ ဝန်ကြီးကအကူအညီပေးရန်အတွက် ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ကို ရယူရမည်။

(၂) စက်မှုလက်မှုလုပ်ငန်းတွင်၊ပိုမို၍မှန်မှန်အလုပ်အကိုင်ပေးနိုင်ရန် စီမံကိန်းတခုခုအရ လုပ်ကိုင်ရာ၌ဖြစ်စေ၊ ထိုစက်မှုလက်မှုလုပ်ငန်းအတွက် နောက်ထပ် စီမံကိန်းတခုခုပြုလုပ်ရာ၌ဖြစ်စေ၊ တွေ့ကြုံရသော အခက်အခဲနှင့်စပ်လျဉ်း၍၊ ထိုစက်မှုလက်မှုလုပ်ငန်းဆိုင်ရာအလုပ်ရှင်များ၏အဖွဲ့နှင့်အလုပ်သမားများ၏အဖွဲ့တို့ကနိုင်ငံတော်အစိုးရထံတွဲဘက်လျှောက်ထားလျှင်၊ ဝန်ကြီးသည်၊အခက်အခဲ ဖြစ်စေသည့်အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ စုံစမ်းပြီးနောက်၊ အစီရင်ခံစာ တင်သွင်းစေရန် ပုဂ္ဂိုလ်တဦးဖြစ်စေ၊အများကိုဖြစ်စေခန့်နိုင်သည်။

၇။ ။(၁) ဝန်ကြီးသည်၊ ပုဒ်မ ၃ အရ၊မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရန်အလို့ငှါ၊ အောက်ပါကိစ္စများအတွက် ငွေထောက်ပံ့ခြင်းကိုသော်၎င်း၊ ငွေချေးခြင်းကိုသော်၎င်း၊အခြားနည်းဖြင့်စီမံခြင်းကိုသော်၎င်းပြုနိုင်သည်။

(က) အလုပ်အကိုင်ရရှိစေရန်အတွက် မည်သူကိုမဆို၊ မိမိ အဝေါ် မှီခိုနေသူများ ပါသည်ဖြစ်စေ၊ မပါသည်

ဖြစ်စေ၊ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တနေရာမှ တနေရာသို့ ပြောင်းရွှေ့မှုအတွက် လွယ်ကူမှုအခွင့်အလမ်းများ ထားရှိစေခြင်း။

(ခ) ယင်းသို့ ပြောင်းရွှေ့ပေးခြင်းခံရသူတို့ကို၊ အလုပ်အကိုင် ပြန်လည်ချထားပေးခြင်း။

(ဂ) အလုပ်အကိုင်ရရှိစေရန်၊ဆိုခဲ့သည့်အတိုင်း ပြောင်းရွှေ့ပေးခြင်း ခံရသူများသည် အလုပ်အကိုင်မရရှိလျှင်၊ သို့တည်းမဟုတ်၊ ထိုသူများရရှိသည့် အလုပ်အကိုင်သည် ပြီးဆုံးလျှင်၊ ထိုသူများကိုမှီခိုအဝေါ် မှီခိုနေသူများ ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မည်သည့်နေရာသို့မဆို၊ နောက်ထပ် ပြောင်းရွှေ့မှုအတွက်လွယ်ကူမှုအခွင့်အလမ်းများထားရှိစေခြင်း။

(၂) ပုဒ်မခွဲ(၁)အရ၊မိမိသို့ဖြစ်စေ၊မိမိနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ချေးငွေပေးခြင်းခံရသူအတွက် အလုပ်အကိုင်တွေ့ရှိပါလျက်နှင့် ထိုသူသည်သင့်လျော်သောအကြောင်းမရှိဘဲ၊ ထိုအလုပ်အကိုင်တွင် ဝင်ရောက်လုပ်ကိုင်ရန်ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ထိုအလုပ်အကိုင်တွင် ဝင်ရောက်လုပ်ကိုင်သည့်နေ့မှ တလအတွင်း သင့်လျော်သော အကြောင်းမရှိဘဲ၊ ထိုအလုပ်အကိုင်မှထွက်လျှင်၊ ပုဒ်မခွဲ (၁) အရ၊ ထိုသူအားပေးထားသောငွေကို မြေခွန်တော်မပြေကျန်ငွေကဲ့သို့ ထိုသူထံမှ တောင်းယူနိုင်သည်။

**အပိုင်း ၂။**

<u>ငယ်ရွယ်သူများအတွက်အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းဆောင်တာ။</u>

၃။ ။ဤအက်ဥပဒေပါ ဤအပိုင်းသည်၊ အသက်ဆယ့်ရှစ်နှစ်အောက်ရှိသူများနှင့်၎င်း၊ ကျောင်း၌ပညာသင်ကြားဆဲဖြစ်သော အသက်ဆယ့်ရှစ်နှစ်ထက် ကျော်လွန်သူများနှင့်၎င်း သက်ဆိုင်သည်။

၄။ ။(၁) ပုဒ်မ ၃ အရ ဝန်ကြီးက ပြုသည့်စည်းမျဉ်းဥပဒေများတွင် ဝန်ကြီးသတ်မှတ်သည့် ဒေသများ၌၊ငယ်ရွယ်သူများအတွက် အလုပ်အကိုင်ရှာဖွေရေးကော်မီတီဟုခေါ်သည့် အကြံပေးကော်မီတီများ ဖွဲ့စည်းရန် ပြဋ္ဌာန်းထားရမည်။ ထိုကော်မီတီများသည်၊ဤအပိုင်းနှင့် သက်ဆိုင်သူများအတွက်၊ ထိုဒေသများ၌ ဤအက်ဥပဒေ အရ၊ ဝန်ကြီးက အလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အကြံဉာဏ် ပေးရန်ဖြစ်သည့်ပြင်၊ အဆိုပါ အလုပ်ဝတ္တရားများနှင့် ဆက်စပ်လျက် ရှိသည်လည်းဖြစ်၍၊ စည်းမျဉ်းဥပဒေများတွင် သီးခြား ဖော်ပြ ထားသည်လည်း ဖြစ်သော အခြားတာဝန်ဝတ္တရားများကို၊ ထိုဒေသများရှိထိုသူများအတွက်ဆောင်ရွက်ရန်လည်းဖြစ်သည်။

(၂) အဆိုပါကော်မီတီ၏ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဝန်ကြီးက ခန့်ရမည်။ ကော်မီတီတွင်ဤအပိုင်းနှင့်သက်ဆိုင်သူများ၏အကျိုးရှိမှုဆိုင်ရာပညာရေးနှင့်၎င်း၊ အလုပ်အကိုင်နှင့်၎င်း၊ အခြားအကြောင်းအရာ များနှင့်၎င်း စပ်လျဉ်း၍ အတွေ့အကြုံ အသိပညာနှင့် ပြည့်စုံသူများပါဝင်ရမည်။

၁၁။ ။(၁) ကျောင်းထွက်သည့်ကျောင်းသူကျောင်းသားများနှင့် စပ်လျဉ်း၍သော်၎င်း၊စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့် အသက်အရွယ်သို့ ရောက်ပြီးဖြစ်သည့် ကျောင်းတက်နေသဲ ကျောင်းသူ ကျောင်းသားများနှင့် စပ်လျဉ်း၍သော်၎င်း၊ စည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့် အကြောင်းအချက်များကို၊ ထိုသို့သတ်မှတ်သည့်နည်းလမ်းအတိုင်း မိမိအားပေးရမည်ဟု ကျောင်းအုပ်ချုပ်သူများကို ဆင့်ဆိုရန် ဝန်ကြီးက စည်းမျဉ်းဥပဒေများပြုနိုင်သည်။

(၂) ပုဒ်မခွဲ (၁) ပါကိစ္စများအတွက် အဆိုပါစည်းမျဉ်းဥပဒေများဖြင့် သတ်မှတ်သည့် အကြောင်းအချက် များသည်၊ သက်ဆိုင်သူ များ၏ ကျန်းမာရေး၊ စွမ်းရည်၊ ပညာအရည်အချင်း၊ ဝါသနာများနှင့် သက်ဆိုင်သည်လည်းဖြစ်၍၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ထိုသူများအား လိုသမျှအကြံဉာဏ်နှင့်အကူအညီ ပေးနိုင်ရန်၊ ဝန်ကြီး၏ထင်မြင်ချက်၌ လိုအပ်သည်လည်းဖြစ်သော အကြောင်းအချက်များဖြစ်ရမည်။

(၃) ဤပုဒ်မအရပြုသည့်စည်းမျဉ်းဥပဒေများတွင်၊ထိုစည်းမျဉ်း ဥပဒေများအရပေးရသည့် အကြောင်းအချက် ပေါ်ထွက်ခြင်းကို ကန့်သတ်ရေးအတွက်၎င်း၊ ထိုအကြောင်းအချက်များ၏ မှတ်တမ်းများကိုထားရှိခြင်းနှင့် သက်ဆိုင်သည့်စည်းကမ်းချက်များကို သတ်မှတ်ရေးအတွက်၎င်း၊ ထိုမှတ်တမ်းများအသုံးပြုခြင်းနှင့် သက်ဆိုင်သော ရည်ရွယ်ချက်များကို သတ်မှတ်ရေး အတွက်၎င်း၊ စည်းမျဉ်း ဥပဒေများဖြင့် သတ်မှတ်သည့် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက်၊ ထိုမှတ်တမ်းများကို ဖျက်ဆီးစေရေးအတွက်၎င်း၊ ပြဋ္ဌာန်းချက်များပြုရမည်။

<u>ခြွင်းချက်။</u> ။သို့ရာတွင် ပေးရသည့်အကြောင်းအချက်များနှင့်သက်ဆိုင်သောသူ၏မိဘ တဦးဦးသည်၊သို့တည်းမဟုတ်အုပ်ထိန်းသူသည်၊ထိုအကြောင်းအချက်များကို ထိန်းသိမ်းရသည့် အရာရှိယင်ဆောက်ထားလျှင်၊ ထိုအကြောင်းအချက်များကို ထိုအရာရှိ၌ စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိရမည်။ သို့ရာတွင်ထိုအကြောင်းအချက်များ၏ မိတ္တူများ ရနိုင်ခွင့်၊ သို့တည်းမဟုတ် ကူးယူနိုင်ခွင့်မရှိစေရ။

(၄) မည်သူမဆို၊ ဤပုဒ်မအရ ပြုသည့်စည်းမျဉ်းဥပဒေများဖြင့် မိမိအပေါ်၌ချအပ်သည့် ဆင့်ဆိုချက်တခုခုကို ဆန့်ကျင်လျှင်၊ သို့တည်းမဟုတ်ဆင့်ဆိုချက်အတိုင်းလိုက်နာရန်ပျက်ကွက်လျှင်၊ ထိုသူသည် အကျဉ်းအားဖြင့် စီရင်ပိုင်ခွင့် ရှိသော ပြစ်မှုကျူးလွန်သည်မည်၏။ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အခါ ငါးဆယ်ထက် မပိုသောငွေဒဏ်ကို စီရင်ခြင်းခံရမည်။

## အပိုင်း ၃။

## <u>ဖြည့်စွက်ပြဋ္ဌာန်းချက်။</u>

၁၁။ ။ဤအက်ဥပဒေအရ ပြစ်ဒဏ်စီရင်နိုင်သည့် ပြစ်မှုတခုခုအတွက်၊ အမှုအခင်းများကို၊ ဝန်ကြီးမှတပါး၊ သို့တည်းမဟုတ်ဝန်ကြီး၏ သဘောတူချက်အရမှတပါး၊ မည်သူမျှမစွဲဆိုရ။